ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
စာအမှတ်
ရက်စွဲ /
နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ်( ၁၈၂ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက် )

### အထွေထွေရွေးကောက်ပွဲတွင် ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အထူးအလေးထားလိုက်နာဆောင်ရွက်ရေး ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တတိယအကြိမ် လွှတ်တော်သက်တမ်း သက်ဆိုင်ရာ လွှတ်တော် (၃) ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံး၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ အထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဖြစ်သည့် ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ရန်အတွက် မဲရုံများပြင်ဆင်ခြင်း၊ မဲဆန္ဒရှင် ပြည်သူများက မဲရုံများသို့ ဆန္ဒမဲပေးရန် လာရောက်ခြင်း၊ မဲရုံများတွင်ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှု အခြေအနေအရ Quarantine ဝင်ရောက်နေသူများ ဆန္ဒမဲပေးနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲ မပေးနိုင်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် သတ်မှတ်ထားသည့်ရက်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်း၊ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံများတွင် မဲရေတွက်ခြင်း၊ မဲရလဒ်များကို စုစည်းခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကိုကြေညာခြင်း အစရှိသည့် လုပ်ငန်း များကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ ယခုကာလတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားနေမှုအခြေအနေအရ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံပြင်ပတွင်စီမံခန့်ခွဲမည့်ပုဂ္ဂိုလ်များ၊ မဲဆန္ဒရှင် ပြည်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကင်းဝေးစွာဖြင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်ပါသည်။

၄။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်-အပိုင်း (၁) ကို ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနက ၇.၉.၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အထက် အပိုဒ် ၂ ပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ကြရမည့် ပုဂ္ဂိုလ်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်-အပိုင်း (၂) ပါ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာက အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

၆။ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ နှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်-အပိုင်း (၂) ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uec.gov.mm နှင့် Facebook စာမျက်နှာတို့တွင် ဝင်ရောက်ကြည့်ရှုရယူနိုင်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်